မင်းက
ငါ့ရဲ့ သူရဲကောင်း

ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19)ကို
ကလေးတွေ ဘယ်လို ခုခံကြမလဲ။



မင်းက ငှါရဲ့သူရဲကောင်း စာအုပ်အား ပြုစုပုံ

ဤစာအုပ်သည် Inter-Agency Standing Committee Reference Group on Mental Health and Psychosocial Support in Emergency Settings (IASC MHPSS RG) ၏ လုပ်ငန်းဆောင်ရွက်ချက် ဖြစ်ပါသည်။ IASC MHPSS မှ အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံတွင်းကျွမ်းကျင်သူများအပြင် နိုင်ငံပေါင်း (၁၀၄) နိုင်ငံမှ မိဘများ၊ ကလေးသူငယ်စောင့်ရှောက်သူများ၊ ဆရာ/ဆရာမများနှင့် ကလေးများမှ ပံ့ပိုးကူညီပေးထားသည်။ ကိုရိုနာဗိုင်းရပ်စ်ရောဂါ COVID-19 (ကိုဗစ်-နိုင်တင်း) ကာလအတွင်း ကလေးများ၏ စိတ်ကျန်းမာရေးနှင့် စိတ်လူမှုရေးပိုင်းဆိုင်ရာ လိုအပ်ချက်များအား လေ့လာရန် အပြည်ပြည်ဆိုင်ရာ သုတေသနတစ်ခုကို အာရဗီ၊ အင်္ဂလိပ်၊ အီတာလျံ၊ ပြင်သစ်၊ စပိန် အစရှိသည့် ဘာသာစကားများနှင့် ဖြန့်ဝေခဲ့သည်။ ထိုသုတေသနမှ ရလာဒ်များအား အသုံးပြုပြီး ပုံပြင်ကို ဖန်တီးခဲ့ခြင်းဖြစ်သည်။ ဤစာအုပ်အား ကိုရိုနာဗိုင်းရပ်စ်ရောဂါ COVID-19 (ကိုဗစ်-နိုင်တင်း) ဖြစ်ပွားနေသောနိုင်ငံအချို့တွင် ကလေးများအား ပုံပြောခြင်းပုံစံအားဖြင့်ဝေမျှခဲ့သည်။ ထို့နောက် ကလေးများ၊ မိဘများနှင့် ကလေးသူငယ်စောင့်ရှောက်သူများဆီမှ အကြံပြုချက်များ ရယူကာ ပြန်လည်တည်းဖြတ်ခဲ့သည်။

ကမ္ဘာတဝန်းရှိ ကလေးများ၊ မိဘများ၊ ကလေးသူငယ်စောင့်ရှောက်သူများနှင့် ဆရာဆရာမများအပါဝင် လူပေါင်း ၁,၇၀၀ ခန့်သည် ကိုရိုနာဗိုင်းရပ်စ်ရောဂါ COVID-19 (ကိုဗစ်-နိုင်တင်း) ကပ်ဆိုးရောဂါကို မည်ကဲ့သို့ ရင်ဆိုင်ကျော်လွှားကြကြောင်း ကျွန်ုပ်တို့အား အချိန်ပေး ဝေမျှခဲ့သည်။ သုတေသနနှင့် ပုံပြင်ဖြစ်မြောက်ရေးအတွက် အချိန်ပေးပါဝင်ခဲ့သူတိုင်းအား အထူးကျေးဇူးတင်ရှိပါသည်။ ဤပုံပြင်သည် ကမ္ဘာတဝန်းရှိ ကလေးများအတွက် ကလေးများက ပြုစုထားခြင်းဖြစ်သည်။

IASC MHPSS မှ Helen Patuck အား ပုံပြင်ဇာတ်ညွှန်းနှင့် ရုပ်ပြပုံစာအုပ် ပြင်ဆင်ပေးခြင်းအတွက်လည်း ကျေးဇူးတင်ရှိပါသည်။

ပုံနှိပ်ထုတ်ဝေခြင်းအား အောက်ဖော်ပြပါ လိုင်စင်အရ ပြုလုပ်ခြင်း ဖြစ်ပါသည်။

©IASC, 2020. the Creative Commons Attribution-NonCommercial-ShareAlike 3.0 IGO license
(CC BY-NC-SA 3.0 IGO; https://creativecommons.org/licenses/by-nc-sa/3.0/igo).

အောက်ဖော်ပြပါ လိုင်စင်အားဖြင့် ပြန်လည်ထုတ်ဝေခြင်း၊ ဘာသာပြန်ခြင်းဆိုင်ရာလုပ်ငန်းများကို မူရင်းမူပိုင်ခွင့်ရှိသူကို ပြည့်စုံစွာ ဖော်ညွှန်းရေးသွင်းကာ စီးပွားဖြစ် မဟုတ်သော ရည်ရွယ်ချက်ဖြင့် ပြန်လည်ထုတ်ဝေ/အသုံးပြုနိုင်ပါသည်။

ယခုပုံပြင်စာအုပ်အား မြန်မာဘာသာသို့ပြန်ဆိုမှုကို Metanoia နှင့် UNICEF Myanmar တို့မှ ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။ ယခုဘာသာပြန်ဆိုမှု/လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်မှုကို Inter-Agency Standing Committee (IASC) က ဆောင်ရွက်ထားခြင်းမဟုတ်ပါ။ ဘာသာပြန်ဆိုမှု/လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်မှုတို့နှင့် ပတ်သက်ပြီး IASC က တာဝန်မရှိပါ။ မူရင်း English ဘာသာစကားဖြင့် ထုတ်ဝေသည့် My Hero is You: How Kids Can Fight COVID-19! Licence: CC BY-NC-SA 3.0 IGO သည်သာ အစစ်အမှန်ဖြစ်သည်။

အဖွင့် မိတ်ဆက်



'မင်းကငှါရဲ့ သူရဲကောင်း' စာအုပ်သည် ကမ္ဘာတဝန်း ကိုရိုနာဗိုင်းရပ်စ်ရောဂါ COVID-19 (ကိုဗစ်-နိုင်တင်း) ကပ်ဆိုးရောဂါ သက်ရောက်ခံစားနေရသော ကလေးငယ်များအတွက် ရည်ရွယ် ရေးသားထားခြင်း ဖြစ်ပါသည်။

ဤပုံပြင်စာအုပ်အား မိဘ၊ ကလေးသူငယ်စောင့်ရှောက်သူ (သို့မဟုတ်) ဆရာ၊ ဆရာမမှ ကလေးအနီး (သို့မဟုတ်) ကလေးအုပ်စုသေးသေးလေး အနီးတွင် ဖတ်ပြရန် ဖြစ်ပါသည်။ ထိုကဲ့သို့ မိဘ၊ စောင့်ရှောက်သူ (သို့မဟုတ်) ဆရာ၊ ဆရာမများမှ ဖတ်ပြခြင်း မဟုတ်ဘဲ ကလေးတစ်ဦးတည်း ဖတ်ရှုရန် မသင့်လျော်ပါ။



'သူရဲကောင်းများအတွက် လုပ်ဆောင်ရန် လုပ်ငန်းများ' ဟုခေါ်သော ဖြည့်စွက်လမ်းညွှန်စာအုပ်အား နောက်ဆက်တွဲအနေဖြင့် ဆက်လက် ထုတ်ဝေရန်ရှိပြီး ၎င်းစာအုပ်သည် ကိုရိုနာဗိုင်းရပ်စ် ရောဂါ COVID-19 (ကိုဗစ်-နိုင်တင်း) နှင့် ဆက်စပ်သော အကြောင်းအရာများပါရှိကာ ကလေးများ မိမိ၏ စိတ်ပိုင်းဆိုင်ရာခံစားချက်များကို ကိုင်တွယ်ထိန်းသိမ်းစေနိုင်ရန်နှင့် လုပ်ဆောင်နိုင် သောအရာများကို ဖော်ပြပေးထားပါသည်။

ဘာသာပြန်ဆိုမှု

IASC သည် ဤစာအုပ်ကို အာရဗီ၊ တရုတ်၊ ပြင်သစ်၊ ရုရှား နှင့် စပိန်ဘာသာသို့ ဘာသာပြန်ဆိုမှုကို အဖွဲ့ကိုယ်တိုင် ပေါင်းစည်း ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သည်။ အခြားဘာသာများသို့ ပြန်ဆိုရန် the IASC Reference Group for Mental Health and Psychosocial Support (MHPSS) (mhpss.refgroup@gmail.com) ကို ဆက်သွယ်ပါ။ ပြီးစီးသည့် ဘာသာပြန်ဆိုမှုအားလုံးကို the IASC Reference Group website ပေါ်တွင်တင်ထားမည်ဖြစ်သည်။

သင်သည် ဤစာအုပ်ကို ဘာသာပြန်ဆိုမည်၊ လိုက်လျောညီထွေရှိအောင် ပြုလုပ်မည်ဆိုပါက အောက်ပါတို့ကို သတိပြုပါ။

- စာအုပ်ပေါ်တွင် သင့်အဖွဲ့အစည်း (သို့မဟုတ် ရန်ပုံငွေထောက်ပံ့သည့် အဖွဲ့အစည်း) ၏ Logo ကို ထည့်ခွင့်မပြုပါ။
- လိုက်လျောညီထွေရှိအောင် ပြုလုပ်မည်ဆိုပါက (စာသားများ သို့မဟုတ် ပုံများ ပြောင်းလဲမည်) IASC ၏ logo ကို အသုံးပြုခွင့်မပေးပါ။ စာအုပ်ကို အသုံးပြုရာတွင်လည်း IASC အနေဖြင့် အဖွဲ့အစည်း၊ ထုတ်ကုန်နှင့် ဝန်ဆောင်မှုတစ်ခုခုကို အားပေးထောက်ခံသည်ဆိုသည့် သဘောတရားမျိုး မပါသင့်ပါ။
- သင်၏ ဘာသာပြန်ဆိုမှု (သို့မဟုတ်) လိုက်လျောညီထွေဖြစ်အောင်လုပ်မှုကို Creative Commons license သို့မဟုတ် ၎င်းနှင့် တူညီသော license ထားသင့်သည်။ CC BY-NC- SA 4.0 or 3.0 ကို အသုံးပြုရန် အကြံပြုပါသည်။ သင့်တော်သည့် လိုင်စင်စာရင်း- https://creativecommons.org/share-your-work/licensing-considerations/compatible-licenses
- ဘာသာပြန်ဆိုရာတွင် အောက်ပါစာသားကို ထည့်သွင်းရန် အကြံပြုပါသည်။ ယခုဘာသာပြန်ဆိုမှု/လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်မှု ကို Inter-Agency Standing Committee (IASC) က ဆောင်ရွက်ထားခြင်းမဟုတ်ပါ။ ဘာသာပြန်ဆိုမှု/လိုက်လျော ညီထွေဖြစ်အောင် ပြုလုပ်မှုတို့နှင့် ပတ်သက်ပြီး IASC က တာဝန်မရှိပါ။ မူရင်း English ဘာသာစကားဖြင့် ထုတ်ဝေသည့် My Hero is You: How Kids Can Fight COVID-19! Licence: CC BY-NC-SA 3.0 IGO သည်သာ အစစ်အမှန်ဖြစ်သည်။



မေမေက စုစံရဲ့ သူရဲကောင်းတစ်ယောက်ပါ။ ဘာလို့လဲဆိုတော့ မေမေဟာ စုစံအတွက်တော့ ကမ္ဘာပေါ်မှာ အကောင်းဆုံးအမေဖြစ်သလို အတော်ဆုံး သိပ္ပံပညာရှင်တစ်ယောက်လည်းဖြစ်တယ်။ ဒါပေမယ့် ကိုရိုနာဗိုင်းရပ်စ်ရောဂါကို ကုသဖို့နည်းလမ်းကို မေမေလည်း ရှာမတွေ့ပါဘူး။

"ကိုရိုနာဗိုင်းရပ်စ်ရောဂါ COVID-19 (ကိုဗစ်-နိုင်တင်း) ဆိုတာ ဘယ်လိုမျိုးလဲ မေမေ" စုစံ မေမေ့ကို မေးမိတယ်။

"ကိုရိုနာဗိုင်းရပ်စ်ရောဂါ COVID-19 (ကိုဗစ်-နိုင်တင်း) လို့ခေါ်တဲ့ ကိုရိုနာ ဗိုင်းရပ်စ်က အရမ်းသေးပြီး မေမေတို့ မတွေ့နိုင်ဘူး သမီးရဲ့" မေမေက ပြန်ဖြေတယ်။

"ဒါပေမယ့် ဖျားနေတဲ့သူတွေ ချောင်းဆိုး၊ နှာချေတဲ့အခါနဲ့ အဲဒီဖျားနေတဲ့သူတွေ ကို ထိတွေ့မိတဲ့အခါမှာ ပြန့်နှံ့ကူးစက်တယ် သမီး"

"ဖျားနေတဲ့သူတွေက ကိုယ်ပူရှိပြီး ချောင်းဆိုးတယ်၊ ပြီးတော့ အသက်ရှူရာမှာ ခက်ခဲလာတယ်" မေမေက ဆက်ပြောတယ်။

"အဲဒါဆို သမီးတို့မမြင်ရတော့ သူ့ကို မကာကွယ်နိုင်ဘူးပေါ့၊ ဟုတ်လား မေမေ" စုစံ မေမေ့ကို ဆက်မေးတယ်။

"ဟင့်အင်း၊ မေမေတို့ ကာကွယ်နိုင်ပါတယ်" မေမေက ဆက်ရှင်းပြတယ်။

"အဲဒါကြောင့်မို့ သမီးကို လုံခြုံကာကွယ်စေချင်တယ်။ ဒီဗိုင်းရပ်စ်ပိုးက လူအများကြီးကို ကူးစက်ခဲ့တယ် သမီး။ မေမေတို့နဲ့အတူတူ တခြားသူတွေ ကလည်း ကိုရိုနာ ဗိုင်းရပ်စ် ကူးစက်တာကနေ ကာကွယ်ဖို့အတွက် ပူးပေါင်း ပါဝင်ကြဖို့ လိုတယ်လေ။ ကလေးတွေက သိပ်အရေးကြီးတယ်။ သူတို့လည်း ကူညီနိုင်တယ်။ သမီးကို မေမေတို့ရဲ့ သူရဲကောင်းလေးတစ်ယောက် ဖြစ်စေချင်တယ်။"



အဲ့ဒီညမှာ စုစံ အိပ်ရာထဲမှာလှဲနေတယ်။
ကိုယ့်ကိုယ်ကိုယ် သူရဲကောင်းလို့ လုံးဝ မခံစားမိဘူး။ စိတ်လည်းတိုမိတယ်။
ကျောင်းကိုသွားချင်တယ်။ ဒါပေမယ့် ကျောင်းက ပိတ်နေတယ်။
သူငယ်ချင်းတွေကို တွေ့ချင်တယ်။ ဒါပေမယ့် အဲ့ဒါက အန္တရာယ်ရှိတယ်တဲ့။
စုစံ အဲ့ဒီကိုရိုနာဗိုင်းရပ်စ်ကြီး ကမ္ဘာကိုခြောက်လှန့်နေတာမျိုး မရှိစေချင်တော့ဘူး။

“သူရဲကောင်းဆိုတာ စူပါပါဝါတွေ ရှိရမှာ” စုစံ အိပ်ခါနီး မျက်လုံးပိတ်ရင်း တွေးတယ်။ “ငါ့မှာ ဘာစူပါ ပါဝါတွေ ရှိသလဲ။”

ရုတ်တရက် နူးညံ့တဲ့အသံတိုးတိုးလေး ကြားရတယ်။

“ဘယ်သူလဲ”လို့ စုစံ ခပ်တိုးတိုး ပြန်မေးလိုက်တယ်။

“သူရဲကောင်းဖြစ်ဖို့ မင်းဘာတွေလိုအပ်သလဲ စုစံ”

အဲ့ဒီအသံက စုစံကို မေးလာတယ်။

“ကမ္ဘာပေါ်မှာရှိတဲ့ကလေးတွေ သူတို့ကိုယ်သူတို့ ဘယ်လို ကာကွယ်နိုင်သလဲ ပြောပြမှရမယ်။ အဲ့ဒါမှ အခြားသူတွေကိုပါ သူတို့ကာကွယ်နိုင်မှာ” စုစံ ပြန်ဖြေလိုက်တယ်။

“အဲ့ဒါဆို မင်းငါ့ကို ဘာလုပ်စေချင်သလဲ”

အသံက စုစံကို ထပ်မေးတယ်။

“ငါ ပျံနိုင်တဲ့အရာတစ်ခု လိုအပ်တယ်။ ပြီးတော့ ကူညီနိုင်မယ့် အသံကြီးကြီး တစ်ခုရော”

လရောင်အောက်မှာ ရုတ်တရက် ထူးဆန်းတဲ့အရာတစ်ခု ရောက်လာတယ်။





''မင်းက ဘယ်သူလဲ'' စုစံ အံ့အားသင့်ပြီး မေးလိုက်တယ်။

''ငှဲနာမည်က အေးချမ်း လို့ခေါ်တယ်''

''အရင်က တစ်ခါမှ အေးချမ်းဆိုတာကို မတွေ့ဖူးဘူး'' စုစံ အေးချမ်းကို ကြည့်ရင်းပြောတယ်။

''ငါက ဒီမှာ အမြဲရှိခဲ့တာ။ ငါက မင်းနှလုံးသားဆီလာခဲ့တာ'' အေးချမ်းက ပြန်ဖြေတယ်။

''မင်းရှိရင် ကမ္ဘာက ကလေးတွေကို ကိုရိုနာဗိုင်းရပ်စ်အကြောင်း ငါပြောနိုင်မှာပေါ့။'' စုစံ အားတက်သရော ပြောလိုက်တယ်။

''ငါ သူရဲကောင်းဖြစ်နိုင်ပြီပေါ့။''
''ဒါနဲ့... ကိုရိုနာဗိုင်းရပ်စ်ရှိနေတာ ငါတို့ ခရီးထွက်ဖို့ လုံခြုံရဲ့လား''

''ငါရှိနေရင် အဆင်ပြေတယ် စုစံ'' အေးချမ်းက ပြောတယ်။
''ငါတို့အတူရှိနေတဲ့အခါ ဘယ်အရာမှ မင်းကို ထိခိုက်အောင် လုပ်လို့မရဘူး။''





စုစံဟာ အေးချမ်းရဲ့ ကျောပေါ်တက်လိုက်ပြီး အိပ်ခန်းပြတင်းပေါက်ကနေ ညကောင်းကင်ထဲကို ဝူးခနဲ ပျံတက်သွားတယ်။ ကြယ်တွေဆီ ပျံသန်းလာရင်း ညကောင်းကင်ကြီးကို နှုတ်ဆက်လိုက်တယ်။

နေမြင့်တက်လာချိန်မှာ ပိရမစ်နားက သဲကန္တာရလှလှလေးမှာ
ဆင်းသက်လိုက်တယ်။

အဲ့ဒီမှာ ကလေးအုပ်စုတစ်စု ကစားနေကြတယ်။ စုစံနဲ့ အေးချမ်းကို
ကလေးတွေက ပျော်ရွှင်စွာနဲ့ လက်ဝှေ့ရမ်းနှုတ်ဆက်ကြတယ်။

''ကြိုဆိုပါတယ်။ ငှဲနာမည်ကတော့ စလင်းပါ။'' ကလေးအုပ်စုထဲက
ကောင်လေးတစ်ယောက်က ပြောတယ်။

''မင်းတို့ ဒီမှာ ဘာလုပ်နေကြတာလဲ။ ဆောရီး ... ငါတို့ အနီးကပ်လာလို့
မရဘူး။ ငါတို့ အနည်းဆုံး (၁) မီတာ အကွာမှာ နေရမှာမို့လို့''
''အဲ့ဒါကြောင့် ငါတို့ဒီမှာရှိနေတာ''စုစံက ပြန်ပြောတယ်။

''ငါနာမည်က စုစံပါ။ သူက အေးချမ်းလို့ခေါ်တယ်။
မင်းတို့သိလား ... ငါတို့ကလေးတွေက အိမ်နီးချင်းတွေ၊ သူငယ်ချင်းတွေ၊
မိဘတွေနဲ့ အဘိုးအဘွားတွေကို အန္တရာယ်ကင်းအောင် လုပ်ပေးလို့
ရတယ်။ ငါတို့ လုပ်ဖို့လိုတာက ... ''

''လက်ကို ဆပ်ပြာသုံးပြီး ရေနဲ့ စက္ကန့် (၂၀) ကြာအောင် ဆေးရမှာ''
စလင်းက ပြုံးရင်း ဖြေလိုက်တယ်။

''ငါတို့ သိတယ် စုစံ။ ငါတို့ ဖျားလို့ ချောင်းဆိုးနာချေရင်လည်း တစ်ချူး
(ဒါမှမဟုတ်) တံတောင်ကွေးထဲကို ချေတယ်။ လူတွေကို လက်ဆွဲ
နှုတ်ဆက်မယ့်အစား လက်ဝှေ့နှုတ်ဆက်တယ်။ ပြီးတော့ ငါတို့အိမ်ထဲ
မှာပဲနေဖို့ ကြိုးစားတယ်။ ဒါပေမယ့် ငါတို့က လူထူထပ်တဲ့ မြို့ထဲမှာ
နေတာဆိုတော့ အားလုံးကတော့ အိမ်မှာ မနေကြဘူး။''

''အင်း ... ဒါကိုတော့ ငါ ကူညီနိုင်လိမ့်မယ်'' အေးချမ်းက ပြောတယ်။

''သူတို့က ကိုရိုနာဗိုင်းရပ်စ်ကို မတွေ့နိုင်ဘူး။ ဒါပေမယ့် ငှဲကိုတော့
မြင်နိုင်တယ်။ ကဲ... ခုနတက်ပြီး လိုက်ခဲ့ကြပါ။
ဒါပေမယ့် ငှဲရဲ့အတောင်နှစ်ဖက်မှာ ခွဲထိုင်ပြီးလိုက်ခဲ့ကြ။
(၁) မီတာ အနည်းဆုံးကွာပြီး နေရမယ် မဟုတ်လား။''



အေးချမ်းဟာ စလင်းနဲ့ စုစံတို့နဲ့အတူ ကောင်းကင်ထဲ ပျံတက်သွားတယ်။ မြို့လေးကို ဖြတ်သန်းပျံလာရင်း သီချင်းဆိုလာကြတယ်။ လမ်းမှာ ကလေးတွေကို တွေ့တဲ့အခါ စလင်းက လှမ်းအော်ပြောတယ်။

“မင်းတို့ မိသားစုတွေဆီ သွားပြီးပြောကြပါ။
ငါတို့ အထဲမှာနေရင် ပိုပြီးလုံခြုံတယ်။
အိမ်ထဲမှာနေခြင်းနဲ့ တစ်ယောက်ကို တစ်ယောက် စောင့်ရှောက်နိုင်တယ်။”

စုစံတို့ကို တွေ့တဲ့အခါ လူတွေက ရုတ်တရက် အံ့အားသင့်သွားတယ်။
နောက်တော့ လက်ဝှေ့ရမ်းနှုတ်ဆက်ပြီး အိမ်ထဲကို ဝင်သွားကြတယ်။





အေးချမ်းက ကောင်းကင်ပေါ် မြင့်မြင့်
ပျံလိုက်တယ်။ စလင်းက ပျော်ပြီး သံကုန်
ဟစ်ကြွေးလိုက်တယ်။

တိမ်တွေကြားထဲမှာ လေယာဉ်ပျံကြီးတစ်ခု
ဖြတ်ပျံသွားပြီး လေယာဉ်ထဲက ခရီးသည်
တွေက သူတို့ကို အံ့အားသင့်ပြီး
လှမ်းကြည့် ကြတယ်။

"လူတွေ ခရီးသွားကြတာကို မကြာခင်
ရပ်ရလိမ့်တယ်။ အနည်းဆုံးတော့
အခုလို အချိန်အတွက်ပေါ့.." စလင်းက
လှမ်းကြည့်ရင်း ပြောတယ်။

"အခုဆို ကမ္ဘာနိုင်ငံတွေရဲ့ နယ်နိမိတ်
တွေ ပိတ်နေကြပြီ။ ငါတို့ရှိနေတဲ့နေရာမှာ
ငါတို့ချစ်တဲ့သူတွေနဲ့ ရှိနေသင့်တယ်"

"အရာအားလုံး ပြောင်းလဲသွားသလို
ခံစားရတယ်" စုစံက ပြောတယ်။

"အဲ့ဒီလို ခံစားရတာကို ငါကြောက်တယ်"

"အင်း ... ဒီလိုခံစားရတာဟာ ကြောက်စရာ၊ စိတ်ရှုပ်ထွေးစရာ
ဖြစ်နိုင်တာပေါ့။" အေးချမ်းက ပြောတယ်။

"ငါ ကြောက်တဲ့အခါမျိုးဆိုရင် အသက်ကို ဖြည်းဖြည်းလေးရှူရင်း
မီးတွေကို မှုတ်ထုတ်ပစ်လိုက်တယ်။" ပြီးတော့ မီးဘောလုံး
အကြီးကြီးတစ်ခုကို အေးချမ်းက လေထဲမှုတ်ထုတ်ပြတယ်။

"မင်းတို့ကြောက်ရင်ရော ဘာလုပ်ကြလဲ" အေးချမ်းက မေးတယ်။



''ငါကတော့ ငှဲကို ချစ်တဲ့သူအကြောင်း စဉ်းစားရတာ ကြိုက်တယ်။'' စုစံက ပြောလိုက်တယ်။

''ငါရော ပဲ ... ငှဲ အဖိုး၊ အဖွားတွေလို ငှဲကိုချစ်တဲ့သူတွေ အကြောင်း စဉ်းစားတယ်။'' စလင်းက ထောက်ခံပြောတယ်။

''ကိုရိုနာဗိုင်းရပ်စ်ကြောင့် ငါ သူတို့ကို အခုပွေ့ဖက်လို့မရဘူး။ အရင်က စနေ၊ တနင်္ဂနွေတိုင်း ငါ သူတို့ဆီ သွားလည်ခဲ့တာ။ အခုတော့ သူတို့အန္တရာယ်ကင်းအောင် ငါ သွားမလည်တော့ဘူး။''

''ဖုန်းဆက်လို့မရဘူးလား'' စုစံက သူငယ်ချင်းကို မေးတယ်။

''အင်း ... ဆက်တာပေါ့။ သူတို့ ငှဲကို နေ့တိုင်း ဖုန်းဆက်တယ်။ အိမ်ကအကြောင်းတွေ ငါ သူတို့ကို ပြောပြတယ်။''

''အဲ့လို ဖုန်းခေါ်ရရင် ငါပျော်တယ်။ သူတို့လည်း ပျော်တယ်။''

''မမြင်နိုင် မတွေ့နိုင်သူတွေကို သတိရမိတာ သဘာဝပါပဲ'' အေးချမ်းက ပြောတယ်။

''ဒါဟာ ငါတို့ သူတို့ကို ချစ်တယ်၊ ဂရုစိုက်တယ်ဆိုတာကို ပြတယ်။''

''တခြားသူရဲကောင်းတွေနဲ့ တွေ့ရင်ရော မင်းတို့ ပိုပြီးပျော်မလား''

''ပျော်မှာပေါ့၊ အေးချမ်း'' စုစံရော၊ စလင်းပါ ဝမ်းသာအားရ ပြုံးတူဖြေလိုက်ကြတယ်။

''ကောင်းပြီ။ ငှဲသူငယ်ချင်း နော်ထူးဆီမှာ စူပါပါဝါ တစ်ခုရှိတယ်။ ကဲ...သွားကြစို့'' အေးချမ်းက ပြောလိုက်တယ်။





သူတို့အားလုံး ရွာလေးတစ်ရွာဆီမှာ ဆင်းသက်လိုက်တယ်။
အဲ့ဒီမှာ မိန်းကလေးတစ်ယောက်က အိမ်အပြင်မှာ ပန်းတွေခူးနေတယ်။
အေးချမ်းနဲ့ အတောင်တွေပေါ်မှာ ထိုင်နေတဲ့ကလေးတွေကို တွေ့တဲ့အခါ
သဘောကျပြီး ရယ်တယ်။

''အေးချမ်း'' သူမ လှမ်းအော်ပြောတယ်။

''ငါတို့ အနည်းဆုံး (၁)မိတာအကွာမှာ နေရမှာ။ အဲ့ဒီတော့ ဒီကနေပဲ
ငါလှမ်းဖက်ပြီး နှုတ်ဆက်တယ်လို့ သဘောထားလိုက်နော်။ မင်းတို့ဒီမှာ ဘာလုပ်
နေကြတာလဲ။''

''မင်း ငှဲကိုလှမ်းဖက်တယ်လို့ ပြောလိုက်လို့ ငါတကယ် အဖက်ခံရတယ်လို့
ခံစားလိုက်ရတယ်... နော်ထူး'' အေးချမ်းက ပြောတယ်။

''ဒီလို စကားလုံးတွေ၊ အပြုအမူတွေနဲ့ ဂရုစိုက်ကြောင်း ဖော်ပြနိုင်တာကို
ကြိုက်တယ်။ ငှဲသူငယ်ချင်းတွေကိုလည်း မင်းရဲ့ စူပါပါဝါအကြောင်း သင်ယူစေ
ချင်တယ်။''

''ငှဲရဲ့ စူပါပါဝါက ဘာလဲ။'' နော်ထူးက မေးတယ်။

''မင်းရဲ့ မိသားစုဝင်တစ်ဦး နေမကောင်းဖြစ်ကတည်းက ကိုရိုနာဗိုင်းရပ်စ်
တခြားသူတွေ မကူးအောင် မင်းအိမ်မှာနေနေတာ မဟုတ်လား။'' အေးချမ်းက
ပြောတယ်။

''အင်း ... ဟုတ်တယ်။ ငှဲအဖေ ဖျားနေတယ်။ ဖေဖေ နေပြန်ကောင်းတဲ့အထိ
သူ့အိပ်ရာထဲမှာပဲ နေရမှာ။'' နော်ထူးက ပြောတယ်။



''ဒါပေမယ့် အဆင်ပြေပါတယ်။ ငါတို့ ဂိမ်းဆော့တယ်။ ဟင်းချက်တယ်။ ခြံထဲမှာ အတူတူစားကြတယ်။ ငှဲ့အစ်ကိုတွေနဲ့ တစ်မီတာခွာပြီး ဒုံးယိမ်း ကကြသေးတယ်။ ပြီးတော့ စာအုပ်တွေ ဖတ်တယ်။ အိမ်မှာပဲ စာဆက်သင်နေတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ တစ်ခါတလေကျောင်းကို လွမ်းလို့လေ။ ''အိမ်မှာနေရတာ ပထမတော့ တစ်မျိုးကြီးပဲ။ အခုတော့ ပုံမှန်လို ဖြစ်သွားပြီ။''

''ဒါက မလွယ်ပါဘူး ... နော်ထူး'' အေးချမ်းက ပြောတယ်။

''မင်းဟာ ပျော်ဖို့ကောင်းမယ့်နည်းလမ်းတွေ ရှာပြီး မင်းချစ်တဲ့သူတွေနဲ့ အိမ်မှာ အဆင်ပြေနေတာ။ ငါတော့ မင်းကို သူရဲကောင်းတစ်ယောက်လို့ မြင်တယ်။''

''မင်းမိသားစုဝင်တွေနဲ့ တစ်ခါတလေရန်ဖြစ်လား'' စလင်းက မေးတယ်။

''အင်း...တစ်ခါတလေ ငါတို့ ရန်ဖြစ်ကြတယ်။'' နော်ထူးက ပြန်ဖြေတယ်။ ''ငါတို့ တော်တော်လေး သည်းခံရတယ်။ နားလည်ပေးရတယ်။ တောင်းပန်ပါတယ်လို့ မြန်မြန်ပြောနိုင်ရတယ်... သိလား။ ဒါဟာ တကယ့် စူပါပါဝါပဲ။ ဒီပါဝါကြောင့် နေလို့ပိုကောင်းတယ်။''

''တစ်ခါတလေတော့ တစ်ယောက်တည်းနေဖို့ လိုအပ်တယ်။ ငှဲ့ဘာသာ တစ်ယောက်တည်း သီချင်းတွေဆိုပြီး ကရတာကြိုက်တယ်။ ငှဲ့သူငယ်ချင်းတွေကို ဖုန်းခေါ်တယ်''

''ဒါပေမယ့် အေးချမ်း ... အိမ်နဲ့ ဝေးနေတဲ့သူတွေနဲ့ အိမ်မရှိတဲ့သူတွေ အတွက်ရော...'' စုစံက အေးချမ်းကို မေးတယ်။

''ဒါဟာ မေးသင့်တဲ့ မေးခွန်းတစ်ခုပဲ... စုစံ။'' အေးချမ်းက ပြန်ဖြေတယ်။

''ကဲ...သွားရှာကြည့်ရအောင်။''





သူတို့ နော်ထူးကို နှုတ်ဆက်ပြီး ထွက်လာခဲ့တယ်။
လေဟာ တဖြည်းဖြည်းနွေးလာပြီး ကျွန်းကလေးတစ်ခု အပေါ်ကို
ဆင်းသက်ခဲ့တယ်။



‘‘အဲ့ဒီမှာ လူတွေအပြည့်နဲ့ စခန်းတစ်ခုကို တွေ့တယ်။’’
မိန်းကလေးတစ်ယောက်က သူတို့ကိုမြင်ပြီး အဝေးကနေ လက်ဝှေ့ရမ်းပြတယ်။

‘‘ဟိုင်း အေးချမ်း...မင်းကိုတွေ့ရတာဝမ်းသာပါတယ်။’’ သူမ လှမ်းအော်နှုတ်ဆက်လိုက်တယ်။

‘‘ငါတို့အားလုံး အနည်းဆုံး (၁)မိတာအကွာမှာ နေဖို့ကြိုးစားနေတယ်။
အဲ့ဒါကြောင့် မင်းကို ဒီကပဲ စကားပြောတော့မယ်နော်။ မင်းသူငယ်ချင်းတွေကို
တွေ့ရတာဝမ်းသာပါတယ်။ ငှါနာမည်က လုလု ပါ။’’

‘‘လုလု... ငါကတော့ စုစံပါ။ သူက စလင်းလို့ခေါ်တယ်။’’ စုစံက ပြန်နှုတ်ဆက်လိုက်တယ်။

‘‘မင်းပြောပုံအရဆို ကိုရိုနာဗိုင်းရပ်စ်ကနေ ကာကွယ်ဖို့ကြိုးစားနေကြတာပဲ။
မင်းတို့ ဒီမှာ ဘာတွေလုပ်နေလဲ။’’

‘‘ငါတို့ ဒီမှာ လက်ကိုဆပ်ပြာနဲ့ ရေနဲ့ ဆေးပြီးနေကြတယ်။’’ လုလုက ပြန်ဖြေတယ်။

‘‘မင်းတို့ နှာချေရင်ကော တံတောင်ကွေးနဲ့ ချေကြလား။’’ စလင်းက မေးတယ်။

‘‘ဘယ်လိုလုပ်ရလဲ... ငှါကို ပြောပြပေးပါလား။’’ လုလု ပြန်မေးတယ်။

စလင်းက သူတို့ကို တံတောင်ကွေးနဲ့ နှာချေရင် ဘယ်လိုလုပ်ရတယ်ဆိုတာ ပြပေးတယ်။

‘‘ငါတို့အားလုံး ကြဲ့ကြဲ့ခံနိုင်အောင် ကြိုးစားနေကြတယ်။
ဒါပေမယ့် ငါ စိုးရိမ်နေတာရှိတယ်။’’ လုလုက ပြောတယ်။

‘‘ငါ မင်းတို့နဲ့ အဲ့ဒီအကြောင်း ပြောလို့ရလား။ လူတစ်ယောက်ဖျားပြီး သေသွားတယ်လို့ ငါ ကြားခဲ့တယ်။ ငါ သိပ်လန့်သွားတယ်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့်
လူတွေသေတယ်ဆိုတာ တကယ်ပဲလား။’’



အေးချမ်းက သက်ပြင်းရှည်ကြီးချလိုက်ပြီး ထိုင်ချလိုက်တယ်။
"အမှန်ပဲ သူရဲကောင်းလေးတို့။ ဒါက ထူးဆန်းတယ်။"

အေးချမ်းက ဆက်ပြောတယ်။
"တချို့သူတွေက ဖျားတယ်လို့ မခံစားရဘူး။ တချို့ကတော့ အဖျားကြီးနိုင်တယ်။ တချို့ကတော့ သေဆုံးနိုင်တယ်။ အဲ့ဒါကြောင့် ငါတို့အားလုံး ... အထူးသဖြင့် အသက်ကြီးသူတွေနဲ့ အခြားရောဂါတွေခံစားနေရသူတွေ ပိုပြီးသတိထားဖို့ လိုတယ်။ သူတို့ပိုပြီးအန္တရာယ်ရှိနိုင်တယ်။"

"တစ်ခါတလေ ငါတို့ အရမ်းကြောက်လန့်နိုင်တယ်။ အန္တရာယ်ရှိသလိုခံစားရနိုင်တယ်။ အဲ့ဒီအချိန်တွေမှာ လုံခြုံတဲ့နေရာလေးတစ်ခု စိတ်ကူးပုံဖော်ကြည့်တာမျိုးဟာ ကူညီပေးနိုင်တယ်။ မင်းတို့ ငါနဲ့အတူ လုပ်ကြည့်ကြမလား။"

အားလုံးက လုပ်မယ်လို့ ဖြေလိုက်ကြတယ်။

အေးချမ်းက စုစံတို့ကို မျက်စိမှိတ်ခိုင်းပြီး သူတို့လုံခြုံတယ်လို့ ခံစားရတဲ့ နေရာလေးတစ်ခုကို စိတ်ကူးကြည့်ခိုင်းတယ်။

"အခု မင်းတို့ လုံခြုံတယ်လို့ ခံစားရတဲ့အချိန် (သို့မဟုတ်) အရင်ကဖြစ်ရပ်တစ်ခုခုအပေါ် အာရုံစိုက်ကြည့်ပါ။"

ပြီးတော့ အေးချမ်းက သူတို့ ဘာမြင်ရလဲ... ဘယ်လို ခံစားရလဲ... အဲ့ဒီ လုံခြုံတဲ့နေရာလေးမှာ ဘာတွေတွေ့ရလဲ... ဆိုတာမေးတယ်။ ပြီးတော့ အဲ့ဒီနေရာလေးကို ဖိတ်ခေါ်ချင်တဲ့သူ တစ်ယောက်ယောက်ရှိလား။ သူနဲ့ အဲ့ဒီမှာ ဘာတွေပြောကြမလဲ... လို့မေးတယ်။

"မင်းတို့ ဝမ်းနည်းလာတဲ့အခါ၊ ဒါမှမဟုတ် ကြောက်တဲ့အခါ အဲ့ဒီ လုံခြုံတဲ့နေရာလေးကို သွားလည်လို့ရတယ်။" အေးချမ်းက ပြောတယ်။

"ဒါဟာ မင်းတို့ရဲ့ စူပါပါဝါတစ်ခုပဲ။ ပြီးတော့ အဲဒီနေရာလေးကို သူငယ်ချင်းတွေ၊ မိသားစုတွေနဲ့လည်း ဝေမျှလို့ရတယ်။ ပြီးတော့ ငါမင်းတို့ကို ဂရုစိုက်ကြောင်း၊ အခြားသူတွေလည်း မင်းတို့ကို ဂရုစိုက်ကြောင်းသတိရပါ။ ဒါဟာ မင်းတို့ကို အကူအညီပေးလိမ့်မယ်။"



‘‘ငါတို့အားလုံး တစ်ယောက်ကို တစ်ယောက် ဂရုစိုက်နိုင်တယ်။’’ လုလုက ပြောတယ်။

‘‘ဒါအမှန်ပဲ... လုလု’’ အေးချမ်းက ပြောတယ်။ ‘‘ငါတို့ဘယ်နေရာပဲ ရောက်နေရောက်နေ တစ်ယောက်နဲ့တစ်ယောက် ဂရုစိုက်နိုင်တယ်။
ကဲ... ငါတို့ရဲ့ နောက်ဆုံးခရီးစဉ်လေးဆီ အတူတူသွားကြမလား။’’

လုလုက အေးချမ်းနဲ့ သူငယ်ချင်းအသစ်တွေနဲ့အတူ ခရီးအတူထွက်ဖို့ ဆုံးဖြတ်လိုက်တယ်။ စုစံက လုလု လိုက်လာလို့ ပျော်တယ်။
ဘာလို့လဲဆိုတော့ တစ်ခါတစ်ရံ တစ်ယောက်ကိုတစ်ယောက် ဖေးမကူညီဖို့ လိုအပ်တယ်ဆိုတာ စုစံနားလည်တယ်။

သူတို့စကားမပြောဘဲ တိတ်ဆိတ်စွာနဲ့ ပျံသန်းလာခဲ့ကြတယ်။ ဒါပေမယ့် လုလု သိတယ်။ သူမသူငယ်ချင်းတွေက သူမကို ဂရုစိုက်တယ်ဆိုတာ။



‘‘နှင်းတွေနဲ့ ဖုံးလွှမ်းနေတဲ့တောင်တွေကို ရောက်လာတယ်။ အေးချမ်းက မြို့လေးတစ်ခုအပေါ်မှာ ဆင်းသက်လိုက်တယ်။ အဲ့ဒီမှာ ကလေးတစ်ချို့ စမ်းချောင်းလေးတစ်ခုအနားမှာ ကစားနေကြတယ်။

အေးချမ်းကို ကလေးတစ်ယောက်က လက်ဝှေ့ရမ်းပြတယ်။

‘‘ဟဲလို နန်းမို’’ အေးချမ်းက ပြောတယ်။

‘‘ကဲ... အားလုံးပဲ။ ငါမင်းတို့ကို ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဖျားပြီး ပြန်နေကောင်း လာတဲ့ ငှဲသူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးချင်တယ်။’’

‘‘ဖျားတာက ဘယ်လိုမျိုး ဖျားတာလဲ’’ စလင်းက လှမ်းမေးတယ်။

‘‘ငါ ချောင်းဆိုးတယ်။ ပြီးတော့ တစ်ခါတလေ ကိုယ်ပူတယ်။ အရမ်းပင်ပန်းပြီး တချို့ရက်တွေဆို မကစားချင်ဘူး။’’ နန်းမိုက ပြန်ဖြေတယ်။

‘‘ငါ အကြာကြီး အိပ်ခဲ့တယ်။ ငှဲမိသားစုက ငှဲကို ဂရုစိုက်ကြတယ်။ တချို့မိဘတွေနဲ့ အဘိုးအဘွားတွေဆို ဆေးရုံသွားခဲ့ရတယ်။ သူနာပြုတွေနဲ့ ဆရာဝန်တွေက သူတို့အပေါ် သိပ်ကြင်နာတာပဲ။ ရပ်ရွာကသူတွေက ငါတို့ကို အိမ်မှာနေဖို့ ကူညီပေးတယ်။ ဒီလိုနဲ့ ရက်သတ္တပတ် နည်းနည်းကြာပြီးတဲ့နောက် ငါတို့ ပြန်ကောင်းသွားတယ်။’’



''ငါက နန်းမိုရဲ့ သူငယ်ချင်းပါ။'' ကလေးတစ်ယောက်က ပြောတယ်။

''နန်းမိုဆီမှာ ကိုရိုနာဗိုင်းရပ်စ်ရှိလို့ ငါတို့သူငယ်ချင်းဖြစ်တာ မရပ်သွားဘူး။ ငါတို့ မတွေ့ရပေမယ့် သူ့ကိုအခင်အမင်မပျက်ဘူး။ ငါတို့ အခုအတူတူပြန်ကစားနိုင်ပြီ။ ငါ သိပ်ဝမ်းသာတယ်။''

''တစ်ခါတလေ မိတ်ဆွေအနေနဲ့ ငါတို့လုပ်နိုင်တဲ့အရေးအကြီးဆုံးအရာက တစ်ယောက်ကိုတစ်ယောက် စောင့်ရှောက်ကာကွယ်ဖို့ပဲ။'' အေးချမ်းက ပြောတယ်။

''ငါတို့ တစ်ယောက်နဲ့တစ်ယောက် ခဏလောက် အဝေးမှာနေရမယ်လို့ ဆိုရင်တောင်...''



‘‘ငါတို့ တစ်ယောက်ကိုတစ်ယောက် ဒီလိုမျိုးလုပ်ပေးနိုင်တယ်။’’ လုလုက ပြောတယ်။
‘‘ပြီးတော့ တစ်နေ့ကျရင် အတူတူပြန်ကစားနိုင်ပြီး အရင်လို ကျောင်းပြန်တက်နိုင်မယ်။’’ စလင်းက ပြောတယ်။

အိမ်ပြန်ဖို့အချိန်၊ စုစံ သူငယ်ချင်းတွေကို နှုတ်ဆက်ဖို့အချိန်ရောက်လာခဲ့ပါပြီ...။

သူတို့ ဒီစွန့်စားခန်းခရီးစဉ်လေးကို အမြဲတမ်းအမှတ်ရနေဖို့ တစ်ယောက်ကိုတစ်ယောက် ကတိပေးကြတယ်။
စုစံ သူငယ်ချင်းတွေနဲ့ ခဏလောက် ပြန်မတွေ့နိုင်ဘူးလို့ တွေးမိတဲ့အခါ ဝမ်းနည်းမိတယ်။

ဒါပေမယ့် နန်းမိုရဲ့ သူငယ်ချင်းပြောတာကို သတိရမိပြီး စိတ်ထဲနေလို့ကောင်းသွားတယ်။
အခုလူတွေကို မတွေ့နိုင်တာဟာ သူတို့ကိုချစ်ခင်တာတွေ ရပ်တန့်လိုက်တယ်လို့ ဆိုလိုတာမှ မဟုတ်တာ...။



‘‘အေးချမ်းက သူတို့အားလုံးကို အိမ်ပြန်ပို့ပေးတယ်။
စုစံ အိပ်ပျော်တဲ့အထိ စောင့်ပေးတယ်။

‘‘ငါတို့ မနက်ဖြန်ရော ဒီနေ့လို လုပ်လို့ရလား’’
စုစံက အေးချမ်းကို မေးတယ်။

‘‘ဟင့်အင်း ... စုစံ။ ဒီအချိန်မှာ မင်းမိသားစုနဲ့
အတူရှိနေရမယ့် အချိန်။’’ အေးချမ်းက ပြန်ဖြေတယ်။

‘‘ပြီးတော့ ငါတို့ရဲ့ ပုံပြင်လေးကို သတိရပါ။ မင်းချစ်တဲ့သူတွေအတွက်
လက်ဆေးပြီး အိမ်မှာနေခြင်းအားဖြင့် သူတို့ကို စောင့်ရှောက်ပေး
နိုင်တယ်။’’

‘‘ပြီးတော့ ငါအဝေးကြီးမှာ မဟုတ်ပါဘူး ... စုစံ။ မင်းရဲ့ လုံခြုံတဲ့
နေရာလေးကို စဉ်းစားမိတဲ့အခါ ငါဟာ အဲ့ဒီမှာ အမြဲတမ်း မင်းနဲ့အတူ
ရှိနေမှာ။’’

‘‘မင်းက ငှါရဲ့ သူရဲကောင်းပဲ’’ စုစံက တိုးတိုးလေး ပြောလိုက်တယ်။

‘‘မင်းကလည်း ငှါရဲ့ သူရဲကောင်းပါ။ မင်းဟာ မင်းကို ချစ်တဲ့သူတွေ
အားလုံးအတွက် သူရဲကောင်းတစ်ယောက်ပါ။’’
အေးချမ်းက ပြောတယ်။



‘‘စုစံ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားခဲ့တယ်။ နောက်နေ့ နိုးလာတဲ့အခါ အေးချမ်း မရှိတော့ဘူး။ အဲ့ဒါနဲ့ သူမရဲ့ လုံခြုံတဲ့နေရာလေးကို စိတ်ကူးကြည့်ပြီး သူ့ကို စကားပြောခဲ့တယ်။

နောက်တော့ သူတို့ရဲ့ စွန့်စားခန်းခရီးစဉ်လေးဆီက မြင်ခဲ့၊ သင်ယူခဲ့သမျှကို ပုံဆွဲခဲ့တယ်။

မေမေ့ဆီ ပြေးသွားပြီး ပုံကိုပြပြီး အဲ့ဒီအကြောင်းတွေ ပြောပြခဲ့တယ်။

‘‘မေမေတို့အားလုံး လူတွေ လုံခြုံအောင်ကူညီနိုင်တယ် သမီး ...’’ မေမေက စုစံကို ပြောတယ်။

‘‘သမီး အဲ့ဒီခရီးမှာ သူရဲကောင်းတွေအများကြီး တွေ့ခဲ့တယ်။’’

‘‘မှန်တာပေါ့ သမီးရယ်...။’’ မေမေက စုစံကိုပြောပြတယ်။

‘‘ကိုရိုနာဗိုင်းရပ်စ်ကနေ လူတွေကို ကယ်တင်ပေးနေတဲ့ သူရဲကောင်းတွေ အများကြီးရှိတယ်။ ဥပမာ... ဆရာဝန်တွေနဲ့ သူနာပြုတွေလိုပေါ့။’’

‘‘ဒါပေမယ့် သမီးက မေမေ့ကို လူတိုင်းဟာ သူရဲကောင်းဖြစ်နိုင်ကြောင်း သတိရစေတယ်။’’

‘‘သမီးဟာ မေမေ့အတွက် အရဲရင့်ဆုံး သူရဲကောင်းတစ်ယောက်ပဲ...’’

ယခုပုံပြင်စာအုပ်အား မြန်မာဘာသာသို့ပြန်ဆိုမှုကို Metanoia နှင့် UNICEF Myanmar တို့မှ ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။